## နောက်ဆက်တွဲ(က)

**ATT သဘောတူစာချုပ်အား နိုင်ငံတိုင်း ပါဝင်ကျင့်သုံးလိုက်နာရေးဆိုင်ရာ အထောက်အကူပြုစာတမ်း (Toolkit)**

ANNEX A

**ATT UNIVERSALIZATION TOOLKIT**

## နောက်ဆက်တွဲ(က)

## ATT သဘောတူစာချုပ်အား နိုင်ငံတိုင်း ပါဝင်ကျင့်သုံးလိုက်နာရေးဆိုင်ရာ အထောက်အကူပြုစာတမ်း (Toolkit)


1. ဤ အထောက်အကူပြု စာတမ်း (Toolkit) အား မည်သည့်အဖွဲ့အစည်းများအတွက် ရည်ရွယ်ရေးဆွဲရသနည်း ........................ 1

2. ATT ဆိုသည်မှာ အဘယ်နည်း ........................ 1

2.1. ဤ နိုင်ငံတကာ သဘောတူစာချုပ်အား မည်သည့်အတွက်ကြောင့် အသုံးပြုရသနည်း ........................ 1

2.2 သဘောတူစာချုပ်အား စတင်ရေးဆွဲ အသုံးပြုခြင်းနှင့် စတင်အသက်ဝင်မှု ........................ 2

2.3 ATT သဘောတူစာချုပ်အား နိုင်ငံပေါင်း မည်မျှ ပါဝင်ရေးထိုးထားကြပြီးဖြစ်သနည်း ........................ 2

3. ATT သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်ကျင့်သုံးလိုက်နာရေးမှာ အဘယ်ကြောင့် အရေးကြီးရသနည်း ........................ 2

4. သဘောတူစာချုပ်တွင် သဘောတူပါဝင်သည့်အတွက်ကြောင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်သနည်း ........................ 3

4.1 ပွင့်လင်းမြင်သာမှု ........................ 3

4.2 ငြိမ်းချမ်းလုံခြုံမှု ........................ 4

4.2.1 လူသား လုံခြုံမှု ........................ 4

4.2.2 နိုင်ငံတော် လုံခြုံမှု ........................ 4

4.2.3 ဒေသတွင်း လုံခြုံမှု ........................ 5

4.3 လူ့အခွင့်အရေးများ ........................ 5

4.4 စဉ်ဆက်မပြတ် ရေရှည် ဖွံ့ဖြိုးတိုးတက်မှု ........................ 5

4.5 ကုန်သွယ်မှုအား ထိန်းသိမ်းကြပ်မတ်မှုရှိခြင်းနှင့် ကုန်သွယ်မှု အဆင့်အတန်းများ မြင့်မားလာစေခြင်း ........................ 6

4.6 အခြားစာချုပ်များနှင့်လည်း အမှီသဟဲဖြစ်မှု ........................ 6

5. နိုင်ငံအသီးသီး ဤ သဘောတူစာချုပ်တွင် ပါဝင်ရန် အဟန့်အတားအဖြစ် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများမှာ မည်သည်တို့ ဖြစ်ကြသနည်း ........................ 6

6. အမေးများသော မေးခွန်းများ ........................ 7

6.1 ဤသဘောတူညီချက်စာချုပ်အနေဖြင့် ကမ္ဘာ့လက်နက်ကုန်သွယ်ရေး ကဏ္ဍတွင် မည်သည့် အပြောင်းအလဲများကို ဖော်ဆောင်ပါသနည်း ........................ 7

6.2 ဤသဘောတူစာချုပ်တွင် ပါဝင်ခြင်းမရှိသေးသည့် တိုင်းပြည်များတွင် မည်သို့ရှိသနည်း ........................ 7

6.3 သဘောတူစာချုပ်သည် မည်သည့် အတိုင်းအတာအထိ အကျုံးဝင်ပါသနည်း ........................ 8

6.3.1 ATTသည် မည်သည့် လက်နက် အမျိုးအစားထိ အကျုံးဝင်ပါသနည်း ........................ 8

6.3.2 ATTသည် မည်သည့် လွှဲပြောင်းပို့ဆောင်မှု အမျိုးအစားထိ အကျုံးဝင်ပါသနည်း ........................ 8

6.4 စာချုပ်တွင် ပါဝင်သည့် အဖွဲ့ဝင် တိုင်းပြည်များမှ ၎င်းတို့ပြုထားသည့် စာချုပ်ဆိုင်ရာ ကတိကဝတ်များအား လေးစားလိုက်နာမှု ရှိစေရန် မည်သို့ လုပ်ဆောင်ရမည်နည်း ........................ 8

6.5 သဘောတူစာချုပ်သည် တိုင်းပြည်များ လက်နက်တင်သွင်းမှု မပြုနိုင်အောင် အဟန့်အတားပြုပါသလား ........................ 9

6.6 ဤသဘောတူစာချုပ်အား အကောင်အထည်ဖော်ရာတွင် အရပ်ဘက် အဖွဲ့အစည်းများ အနေဖြင့် မည်သည့် အခန်းကဏ္ဍမျိုးတွင် ပါဝင်နေသနည်း ........................ 10

## 1. **ဤ အထောက်အကူပြုစာတမ်း** (Toolkit ) **အား မည်သည့်အဖွဲ့အစည်းများအတွက် ရည်ရွယ်ရေးဆွဲရသနည်း**

ATT သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်ကျင့်သုံးလိုက်နာရေး ဆိုင်ရာ အလုပ်အဖွဲ့ မှ ဤ Toolkit အား ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ဤ Toolkit (စာတမ်း)သည် အစဉ်အမြဲ ပြင်ဆင်ပြောင်းလဲမှုပြုနေသည့် စာတမ်းတစ်စောင်ဖြစ်ပြီး ATT သဘောတူစာချုပ်အား နိုင်ငံတိုင်း ပါဝင်လိုက်နာကျင့်သုံးလာကြရေး ဖြစ်စဉ်တွင် ပါဝင်နေကြသူများ၊ အဖွဲ့ဝင် နိုင်ငံများ ၊ ATT အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ အရာရှိများ ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စသည်တို့အတွက် အထောက်အကူဖြစ်စေရန် ရေးဆွဲထားခြင်းဖြစ်သည်။ နိုင်ငံတကာ လက်နက်ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်ထားသည့် တိုင်းပြည်များ၏ အစိုးရများအကြား ပြုလုပ်သည့် စတုတ္ထကြိမ်မြောက် ညီလာခံ (CSP4) မှ ရရှိလာသည့် ဆုံးဖြတ်ချက်များနှင့် အကြံပြုချက်များအပေါ် အခြေခံ၍ လည်းကောင်း၊ ATT သဘောတူစာချုပ် အကောင်ထည်ပေါ်အောင်မြင်ရေး လုပ်ငန်းအဖွဲ့များမှ ပြုလုပ်သည့် အစည်းအဝေးများတွင် စာချုပ်အဖွဲ့ဝင်တိုင်းပြည် အစိုးရများအချင်းချင်း အပြန်အလှန် ဆွေးနွေးဖလှယ်ရာမှ ထွက်ပေါ်လာသော အချက်အလက်များနှင့် ၎င်းအစိုးရများ၏ အတွေ့အကြုံများအပေါ်တွင် မှီတည်၍ လည်းကောင်း ဤ အထောက်အကူပြု Toolkit စာတမ်းအား ရေးဆွဲထားခြင်းဖြစ်သည်။

## 2. ATT **ဆိုသည်မှာ အဘယ်နည်း**

လက်နက်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် (ATT) သည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ဖြစ်ပြီး နိုင်ငံတကာ လက်နက်ရောင်းချပို့ဆောင်မှုများအပေါ် အမြင့်မားဆုံးသော နိုင်ငံတကာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းဖြင့် သမားရိုးကျ လက်နက်များ ကုန်သွယ်မှုအား ကြပ်မတ်ရန်ရည်ရွယ်သည့် စာချုပ်တစ်ရပ်ဖြစ်သည်။ တရားမဝင်လက်နက်ကုန်သွယ်မှုများနှင့် လက်နက်များ တရားမဝင် ပျံ့နှံ့စီးဆင်းမှုတို့ကို တိုက်ဖျက်တားဆီးရန်လည်း သဘောတူစာချုပ်မှ ရည်ရွယ်သည်။ အပိုဒ်ခွဲ ၁ အရ သဘောတူစာချုပ်၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

- သမားရိုးကျ လက်နက်များ ကုန်သွယ်မှုကို ကြပ်မတ်ထိန်းကျောင်းရန်နှင့် ထိုသို့ကြပ်မတ်မှုအား ပိုမိုအားကောင်းလာစေရန် ဘုံသဘောတူ နိုင်ငံတကာ စံချိန်စံညွှန်းများကို မြင့်မားနိုင်သမျှ အမြင့်မားဆုံး သတ်မှတ် တည်ဆောက်ရန်။
- သမားရိုးကျ လက်နက်များ တရားမဝင် ကုန်သွယ်မှုအား တားဆီးရန်နှင့် လက်နက်များ တရားမဝင်ပျံ့နှံ့မှု များအား တားဆီးရန်။ ထိုသို့ တားဆီးရသည့် ရည်ရွယ်ချက်မှာ
- အပြည်ပြည်ဆိုင်ရာ နှင့် ဒေသအရပ်ရပ်တွင် ငြိမ်းချမ်းမှု၊ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု ရှိစေရန် လည်းကောင်း
- လူအများခံစားနေရသော ဆင်းရဲဒုက္ခများအား လျော့နည်းလာစေရန်လည်းကောင်း
- အပြည်ပြည်ဆိုင်ရာ သမားရိုးကျလက်နက်ကုန်သွယ်မှုများ ပြုလုပ်ရာတွင် အဖွဲ့ဝင် နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာရှိမှု ၊ တာဝန်ယူတတ်မှု စသည်တို့ ပိုမိုရှိလာစေရန် စွမ်းဆောင်ခြင်းဖြင့် နိုင်ငံအချင်းချင်းကြား ယုံကြည်မှုကို တည်ဆောက်လာနိုင်ကြစေရန် လည်းကောင်း ဖြစ်သည်။

" ဒါဟာ အပြည်ပြည်ဆိုင်ရာ လက်နက်အရောင်းအဝယ်လုပ်ကြတဲ့အခါ တာဝန်သိမှု၊ တာဝန်ခံမှု ၊ ပွင့်လင်းမြင်သာမှု စတာတွေ ရှိလာဖို့ ကျွန်တော်တို့ စတင် ပူးပေါင်းကြိုးပမ်းကြတဲ့ ပဏာမ ခြေလှမ်းသစ်တစ်ရပ် ဖြစ်တယ်ဆိုတာကို ရည်ညွှန်းနေပါတယ်" ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီးမွန်းပြောကြား[1]

ATT သဘောတူစာချုပ်သည် အပြည်ပြည်ဆိုင်ရာ နှင့် ဒေသတွင်း လုံခြုံ၊ အေးချမ်း၊ တည်ငြိမ်မှုရှိစေရန် ၊ လူအများ ခံစားနေရသည့် ဆင်းရဲဒုက္ခများ နည်းနိုင်သမျှနည်းလာစေရန်နှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု ၊ ပွင့်လင်းမြင်သာရှိမှု ၊ တာဝန်ယူမှု စသည်တို့ ပိုမိုရှိလာစေရေးအတွက် အထောက်အကူပြုရန် ဖြစ်သည်။

### 2.1 **ဤ နိုင်ငံတကာ သဘောတူစာချုပ်အား မည်သည့်အတွက်ကြောင့် အသုံးပြုရသနည်း**

ATT သဘောတူစာချုပ်အား စတင်အသုံးပြုရသည့် အကြောင်းမှာ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ အောက်ပါ အချက်တို့အား သိရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

---

[1] (၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ လက်နက်ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် စတင် ဥပဒေအသက်ဝင်ခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှ ပြောကြားခဲ့သည့် အဆို၊ https://www.un.org/sg/en/content/sg/statement/2014-12-23/statement-secretary-general-entry-force-arms-trade-treaty တွင်ဝင်ကြည့်နိုင်သည်)

" သမားရိုးကျ လက်နက်များ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း စသည်တို့ ပြုလုပ်ရာတွင် ဘုံသဘောတူညီချက်ချမှတ်ထားသည့် နိုင်ငံတကာ စံချိန်စံညွှန်းများ မရှိသည့်အချက်မှာ ပဋိပက္ခများ၊ နေရပ်မှ ထွက်ပြေးတိမ်းရှောင်ရခြင်း၊ မှုခင်းများနှင့် အကြမ်းဖက်လှုပ်ရှားမှုများ ဖြစ်ရသည့် အကြောင်းရင်းတစ်ခုဖြစ်ပြီး ငြိမ်းချမ်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ မသင့်မြတ်သည့် အဖွဲ့များ ပြန်လည်ရင်ကြားစေ့ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ယိုင်နဲ့စေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ *( လက်နက်ကုန်သွယ်မှုဆိုင်ရာ ဆုံးဖြတ်ချက် ၆၁/၈၉ ၏ အပိုဒ် ၉ - သမားရိုးကျ လက်နက်များ တင်သွင်းခြင်း၊တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း စသည်တို့ပြုလုပ်ရာတွင် နိုင်ငံတကာသတ်မှတ်ချက်များအား ဘုံသဘောတူ ချမှတ်ရေး)* [2]

## 2.2 **သဘောတူစာချုပ်အား စတင်ရေးဆွဲ အသုံးပြုခြင်းနှင့် စတင်အသက်ဝင်မှု**

ဤသဘောတူစာချုပ်အား ကုလသမဂ္ဂ အထွေထွေ ညီလာခံ ဆုံးဖြတ်ချက်ဖြင့် ၂၀၁၃ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် စတင်ရေးဆွဲ အသုံးပြုခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် စာချုပ်သည် ဥပဒေအရ စတင်အသက်ဝင်ခဲ့သည်။ သမာရိုးကျ လက်နက် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် တရားဝင် စည်းနှောင်မှု ရှိသည့် ပထမဦးဆုံးသော နိုင်ငံတကာ သဘောတူစာချုပ် ဖြစ်လာခဲ့သည်။

## 2.3 ATT **သဘောတူစာချုပ်အား နိုင်ငံပေါင်း မည်မျှ ပါဝင်ရေးထိုးထားကြပြီးဖြစ်သနည်း**

ယခုအချိန်အထိ နိုင်ငံပေါင်း ၁၁၀ ကျော်ခန့် သဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးကြပြီးဖြစ်သည်။ အချို့ နိုင်ငံများမှာ စာချုပ်တွင် လက်မှတ်ရေးထိုးထားကြပြီး ဖြစ်ကာ အတည်မပြုရသေးခြင်းသာ ဖြစ်သည်။ ATT သဘောတူစာချုပ်တွင် ပါဝင်သည့် အဖွဲ့နိုင်ငံများနှင့် ပတ်သက်ပြီး(ဒေသဆိုင်ရာ ခြုံငုံသုံးသပ်ချက် အပါအဝင်) လက်ရှိ အချက်အလက်များ သိလိုပါက https://www.thearmstradetreaty.org/treaty-status.html?templateId=209883 လိပ်စာဖြင့် ATT ဝက်ဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်

# 3. ATT **သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်ကျင့်သုံးလိုက်နာရေးမှာ အဘယ်ကြောင့် အရေးကြီးရသနည်း**

တရားဝင်ပြုလုပ်သည့် ဆွေးနွေးမှု ဆက်ရှင်များတွင် အဖွဲ့ဝင် နိုင်ငံများ အနေဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်များကို သဘောတူစာချုပ်၏ အပိုဒ်ခွဲ ၁၇ (၄) (ခ)တွင် အကျဉ်းချုပ် ဖော်ပြထားသည်။ ဤသဘောတူစာချုပ်အား အောင်မြင်စွာ အကောင်ထည်ဖော်ရေး ၊ စာချုပ် လုပ်ငန်းများ (အထူးသဖြင့် သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပိုမို ပါဝင်ကျင့်သုံး လိုက်နာလာစေရေး) စသည်တို့နှင့် စပ်လျဉ်းသည့် အကြံပြုချက်များကို နိုင်ငံတော် အစိုးရများညီလာခံအနေဖြင့် ထည့်သွင်းစဉ်းစား၍ အသုံးပြုရမည်။ စာချုပ်ပါ စာသားများအတိုင်း ကိုးကားရလျှင် နိုင်ငံများ ပါဝင်လိုက်နာကျင့်သုံးလာရေး ဟူသည့် အချက်မှာ အဖွဲ့ဝင် နိုင်ငံများ ညီလာခံအနေဖြင့် ထည့်သွင်းစဉ်းစား ထိုက်သော အရေးကြီး အပိုင်းကဏ္ဍတစ်ရပ်ဖြစ်သည်ဟု စာချုပ်တွင် အသိအမှတ်ပြုထားသည်။ စင်စစ်ဆိုရသော် ဤ သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်လာရေးသည် အလွန်အရေးပါသည့် ဦးစားပေးအချက်ဖြစ်သောကြောင့် CSP3 ညီလာခံမှ သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်လာစေရေး အလုပ်အဖွဲ့တစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ဤ ရည်ရွယ်ချက်များကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် အကောင်အထည်ပေါ်လာစေရန် လိုအပ်သည့် လုပ်ငန်းစဉ်များနှင့် မစ်ရှင်များကို သတ်မှတ်ရန်ပင် တာဝန်များပေးအပ်ခဲ့သည်။

သဘောတူစာချုပ်၏ နိုင်ငံတိုင်း ပါဝင်လာရေး ရည်မှန်းချက်၌ စာချုပ်အဖွဲ့ဝင်နိုင်ငံ များနိုင်သမျှ များလာစေရန် ဆိုသည့်အချက် ပါဝင်သည်။ နိုင်ငံတိုင်း ပါဝင်လာစေရေးဟူသည့် အယူအဆမှာ သဘောတူစာချုပ်ပါ အချက်များတွင် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိသော်လည်း ယင်းသဘောမှာ သဘောတူစာချုပ် ဥပဒေအာဏာစက်အား ပြန့်ပွားလာစေရန် ရည်ရွယ်ခြင်းဟု ဖွင့်ဆိုနိုင်သည်။ ATT သဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံ များနိုင်သမျှ များများ ပါဝင်လာရန် အလွန်အရေးကြီးသည့် အကြောင်းမှာ အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များ ချမှတ်သည့် စနစ် တစ်ရပ်သည် အဖွဲ့ဝင်နိုင်ငံများ လုံလုံလောက်လောက် ပါဝင်ကြမှသာ အလုပ်ဖြစ်သည့် အတွက်ကြောင့် ဖြစ်သည်။ အကယ်၍ စာချုပ်တွင် သဘောတူပါဝင်ကြသည့် နိုင်ငံများမှာ လက်နက်တင်ပို့ရောင်းချသည့် နိုင်ငံအနည်းငယ်သာဖြစ်ပြီး လက်နက်ရောင်းချပို့ဆောင်မှုများနှင့်

---

[2] (၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့၊ ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ချမှတ်အသုံးပြုခဲ့သည့် ကုလသမဂ္ဂဆုံးဖြတ်ချက်စာတမ်း - A/RES/61/89, ၆၁ကြိမ်မြောက် ကျင်းပသည့် ဆက်ရှင်၊ အစည်းအဝေးအစီအစဉ် အမှတ် ၉၀ <http://www.un.org/en/ga/search/view_doc.asp?symbol=A/RES/61/89&Lang=E> တွင် ကြည့်ရှုနိုင်သည်)

သက်ဆိုင်သည့် ဆိုးကျိုးအလားအလာများကို အကဲဖြတ်ဆန်းစစ်ရန် ၎င်းနိုင်ငံအနည်းငယ်သာ တာဝန်ယူရမည်ဆိုပါက အကျိုးရှိမည်မဟုတ်ပေ။ တရားမဝင် လက်နက်ဖြန့်ဖြူးမှုများသည် ထိန်းချုပ်မှုလက်တံမမှီသည့် နေရာများတွင် ရှိနေဦးမည်ဖြစ်သည်။

လက်တွေ့တွင် နိုင်ငံအားလုံး သဘောတူပါဝင်သည့် နိုင်ငံတကာ သဘောစာချုပ်များမှာ လက်ချိုးရေ၍ပင် ရသည်။ ထို့ကြောင့် ATT သဘောတူစာချုပ်တွင် နိုင်ငံတိုင်းပါဝင်လာစေရန် မည်သည့်နိုင်ငံမျိုးကို လိုအပ်ပြီး နိုင်ငံမည်မျှပါဝင်လာစေဖို့ လိုအပ်ပါသနည်း။ ကမ္ဘာ့ထိပ်တန်း လက်နက်တင်ပို့ရောင်းချသည့် နိုင်ငံများနှင့် လက်နက်တင်သွင်းဝယ်ယူသည့် နိုင်ငံ ပေါင်း ၅၀ အနက် နိုင်ငံပေါင်းမည်မျှ ဤသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြောင်းကို ATT အတွင်းဝန်ရုံးမှ ၂၀၁၈ ခုနှစ် ဇွန်လတွင် သုံးသပ်ပြခဲ့သည်။ လက်နက်တင်ပို့ရောင်းချသည့် ထိပ်တန်းနိုင်ငံ အများစုမှာ ဤသဘောတူစာချုပ်တွင် ပါဝင်လာခဲ့ပြီဖြစ်ကြောင်းတွေ့ရှိရသည်။ ၎င်းတို့အနက် နိုင်ငံပေါင်း၏ ၇၃ ရာခိုင်နှုန်းခန့်သည် စာချုပ်အဖွဲ့ဝင်နိုင်ငံ သို့မဟုတ် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများ ဖြစ်ကြပြီး လက်နက်တင်ပို့မှုပေါင်း ၇၁ ရာခိုင်နှုန်းကို စာချုပ်သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နေသည် (စာချုပ်နှင့် အကျုံးဝင်သည်)။ ထိပ်တန်း လက်နက်တင်သွင်းသော နိုင်ငံ၏ ၅၃ ရာခိုင်နှုန်းသာလျှင် စာချုပ်အဖွဲ့ဝင်နိုင်ငံ သို့မဟုတ် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများဖြစ်လာပြီး လက်နက်တင်သွင်းမှုပေါင်း ၃၆ ရာခိုင်နှုန်း ခန့်သာလျှင် စာချုပ်တွင် အကျုံးဝင်သေးသည်။ သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်လာစေရန် များစွာ ကြိုးပမ်းရန် လိုနေသေးသည်။

အအောင်မြင်ဆုံးဖြစ်မည့် အချိန်သည် သဘောတူစာချုပ်တွင် ပါဝင်သော အဖွဲ့ဝင်နိုင်ငံများ လုံလုံလောက်လောက် ရှိလာပြီး အစိုးရမဟုတ်သည့် အဖွဲ့အစည်းများပင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာလာကြရမည့် စံနှုန်းမျိုး ရှိလာမည့်အချိန်မျိုးဟု ဆိုရပေမည်။ သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်လိုက်နာကျင့်သုံးရေး အယူအဆသည် အဖွဲ့ဝင်အရေအတွက်နှင့် မသက်ဆိုင်ဘဲ အဖွဲ့ဝင်နိုင်ငံများ၏ ကျင့်သုံးလုပ်ဆောင်မှု နှင့်သာ အဓိက သက်ဆိုင်နိုင်သည်။

## 4. **သဘောတူစာချုပ်တွင် သဘောတူပါဝင်သည့်အတွက်ကြောင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်သနည်း**

သဘောတူစာချုပ်ပါ အပိုဒ်ခွဲ ၁ (နှင့်/ ဤစာတမ်း၏ အပိုင်း ၁ ) တွင် ဖော်ပြထားသည့်အတိုင်း ATT သဘောတူစာချုပ်၏ ဦးတည်ချက်သည် အပြုသဘောဆောင်သည့် အကျိုးဆက်များကို ဖြစ်ထွန်းစေနိုင်ပြီး ယင်းတို့အား သဘောတူစာချုပ်၏ ရည်ရွယ်ချက်တွင် ဖော်ပြထားသည်။ သဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်လာကြခြင်းသည် ATT သဘောတူစာချုပ်ပါ သတ်မှတ်ချက်များကို လိုက်နာကြစေရန် ဝိုင်းဝန်း အကောင်အထည် ဖော်ဆောင်နေသည့် အပြည်ပြည်ဆိုင်ရာ ရပ်ဝန်း တစ်ခုတွင် ပါဝင်လာသည့် သဘောပင် ဖြစ်သည်။ ထို့ထက်ပို၍ ဆိုရသော် စာချုပ်ပါအပိုဒ်ခွဲ ၁ တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များအတိုင်း သမာရိုးကျ လက်နက်ကုန်သွယ်မှုများ ပြုလုပ်ရာတွင် စည်းကမ်းသတ်မှတ်ချက်များဖြင့် ထိန်းကျောင်းကြပ်မတ် လုပ်ဆောင်တတ်သည့် နိုင်ငံတကာ အစိုးရများ ကွန်ယက်တွင် ပါဝင်လာသည့် သဘောဖြစ်သည်။

### 4.1 **ပွင့်လင်းမြင်သာမှု**

စာချုပ်သတ်မှတ်ချက်များအား အကောင်ထည်ဖော်ဆောင်မှု ဖြစ်စဉ်နှင့် စပ်လျဉ်းသည့် ကနဦးအစီရင်ခံစာများ၊ လက်နက် လွှဲပြောင်းပို့ဆောင်မှု အသီးသီးနှင့် စပ်လျဉ်းသည့် နှစ်ချုပ် အစီရင်ခံစာများ တင်ပြရခြင်း ၊အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ကိုယ်ထူကိုယ်ထ အချက်အလက်များ မျှဝေဖလှယ်ခြင်း စသည်တို့ လုပ်ဆောင်ရသည့် အတွက်ကြောင့် ATT သဘောတူစာချုပ်သည် ပွင့်လင်းမြင်သာမှု ပိုရှိစေသည်။ ATT သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် နှစ်နိုင်ငံအစိုးရများကြားတွင် ဖြစ်စေ ၊ အပြည်ပြည်ဆိုင်ရာ အစိုးရများ ကြားတွင် ဖြစ်စေ ပွင့်လင်းမြင်သာမှုရှိသည့် ဆက်ဆံရေး လမ်းကြောင်းများ တည်ဆောက်ရန် အခွင့်အရေးကို ရရှိနိုင်သည်။ ယင်းသို့ ပွင့်လင်းမြင်သာရှိမှုသည် အောက်ပါအတိုင်း အထောက်အကူဖြစ်စေသည်။

- သူ့အကျိုး၊ ကိုယ့်အကျိုး အပြန်အလှန်ကြည့်ရသည့် အခြေအနေများကို ဖော်ထုတ် သိရှိလာနိုင်မည်။
- အချင်းချင်းကြား ယုံကြည်မှု ပိုမိုတည်ဆောက်လာနိုင်မည်။
- လက်နက်ကုန်သွယ်ရေးဆိုင်ရာ သတ်မှတ် စံချိန်စံညွှန်းများ အားကောင်းလာအောင် ပူးပေါင်း ဆောင်ရွက်လာနိုင်မည်။
- သဘောတူစာချုပ်အပေါ် လိုက်နာမှုအား သုံးသပ်ဆန်းစစ်ရန် ပိုမိုလွယ်ကူလာမည်။
- လက်နက်များ လွှဲပြောင်းပို့ဆောင်မှုကဏ္ဍတွင် အစဉ်အမြဲပြောင်းလဲနေသည့် လုပ်ထုံးလုပ်နည်း ပုံစံများကို ဖော်ထုတ်သိရှိလာနိုင်မည်။
- စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စာချုပ် အောင်မြင်အောင် အကောင်အထည်ဖော်ရမည့် အကောင်းဆုံးနည်းလမ်းကို တွေ့နိုင်မည့် အမြင်မျိုး ရလာမည်ဖြစ်ပြီး အကောင်းဆုံးသော အထိရောက်ဆုံးသော ကျင့်သုံးလုပ်ဆောင်မှုများကို သိရှိလာမည်။
- အပြည်ပြည်ဆိုင်ရာ နိုင်ငံတော်အစိုးရများ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုချောမွေ့လာစေမည်။
- လိုအပ်သည်များကို ထောက်ပံ့ပေးနိုင်သည့် အဖွဲ့ဝင်တိုင်းပြည်များကို ထောက်ပံ့မှုလိုအပ်နေသည့် အဖွဲ့ဝင် တိုင်းပြည်များနှင့် ကူညီချိတ်ဆက်ပေးလာနိုင်မည်။

သို့ရာတွင် အဖွဲ့ဝင်နိုင်ငံအစိုးရများ အားလုံးအနေဖြင့် မိမိတို့တိုင်းပြည်၏ နိုင်ငံတော် လုံခြုံရေးနှင့် ပတ်သက်ပြီး စိုးရိမ် ပူပန်မှု အသီးသီး ရှိနိုင်သည်။ ATT သဘောတူစာချုပ်တွင် ဤအချက်အား ထည့်သွင်း စဉ်းစားသည့် အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တင်ပြရမည့် နှစ်ချုပ် အစီရင်ခံစာများတွင် နိုင်ငံတော် စီးပွားရေးအား ထိခိုက်စေနိုင်မည့် အချက်အလက်များ သို့မဟုတ် နိုင်ငံတော်လုံခြုံရေးအတွက် အရေးကြီးသည့် အချက်အလက်များကို ထည့်သွင်းမဖော်ပြဘဲ ဖယ်ချန်ထားရန် အခွင့်အရေးရှိပြီး ၎င်းတို့၏ အစီရင်ခံစာများကို သာမာန် ပြည်သူများအနေဖြင့် သိခွင့်မရှိဘဲ အဖွဲ့ဝင်နိုင်ငံအစိုးရများ အချင်းချင်းသာ သိခွင့်ရှိမည်။

## 4.2 ငြိမ်းချမ်းလုံခြုံမှု

### 4.2.1 လူသား လုံခြုံမှု

ATT သဘောတူစာချုပ် နိဒါန်းတွင် အသိအမှတ်ပြုထားသည့်အတိုင်း ဆိုရသော် စည်းကမ်းသတ်မှတ်ချက်များဖြင့် ထိန်းကျောင်းကြပ်မတ်ခြင်းမရှိသည့် တရားမဝင်လက်နက်ကုန်သွယ်မှုကြောင့် လုံခြုံရေး ၊ လူမှုရေး ၊ စီးပွားရေးဆိုင်ရာ အကျိုးဆက်ပြဿနာများနှင့် လူသားဆင်းရဲဒုက္ခများကို အကြီးအကျယ်ဖြစ်ပေါ်စေနိုင်သည်။

လက်နက်များ အလွယ်တကူရရှိနိုင်ခြင်းနှင့် လက်နက်များအား လွဲမှားစွာ အသုံးပြုမှုတို့သည် လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပွားရာနေရာများတွင်ဖြစ်စေ ၊ တိုက်ပွဲ မဖြစ်သည့် နေရာများတွင် ဖြစ်စေ နေထိုင်သော လူသားများ၏ အသက်အန္တရာယ် လုံခြုံမှုအပေါ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ သက်ရောက်မှုများ ရှိသည်။ ယင်းအချက်ကြောင့် အသက် ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်စေရုံသာမက အရပ်သားပြည်သူများ နေရပ်မှ ထွက်ပြေးတိမ်းရှောင်ရခြင်း ၊ အကျိုးဆက်အနေဖြင့် ကျန်းမာရေးကုသမှုများအား ရရှိနိုင်မှု ၊ ပညာသင်ကြားနိုင်ခွင့်နှင့် စားနပ်ရိက္ခာဖူလုံမှု စသည်တို့ပါ တစ်ဆက်တည်း အခက်အခဲ ရှိလာမည်။ တရားမဝင်လက်နက်စီးဆင်းမှုကြောင့် ခံစားရသည့် နစ်နာသူများနှင့် ၎င်းတို့၏မိသားစုများအတွက် စိတ်ဝေဒနာအကျိုးဆက်များနှင့် စီးပွားရေးနိမ့်ကျမှု အကျိုးဆက်များကိုပါ ကြုံရမည်ဖြစ်သည်။

ဒေသတွင်း တရားမဝင် လက်နက်နှင့် ခဲယမ်းများ ပျံ့နှံ့စီးဆင်းနေမှုသည် လက်နက်ကိုင် ပဋိပက္ခများအား ပိုမိုရှည်ကြာစေနိုင်ပြီး ပဋိပက္ခများပြီးဆုံးသွားသည့် အချိန်ထိ ပြည်သူများလုံခြုံမှုကို ခြိမ်းခြောက်နေသည့် အန္တရာယ်တစ်ရပ်ဖြစ်သည်။

ATT သဘောတူစာချုပ်သည် လူသား လုံခြုံမှုရှိရေးကို အထောက်အပံ့ဖြစ်စေသည်။ အောက်ပါ အခြေအနေမျိုးတွင် မည်သို့သော သမားရိုးကျ လက်နက်များ ရွှေ့ပြောင်းပို့ဆောင်မှုကိုမဆို လုပ်ဆောင်ခွင့်မပြုရန် အဖွဲ့ဝင်နိုင်ငံတိုင်းအား စာချုပ်ပါ အပိုဒ်ခွဲ ၆(၃)တွင် တားမြစ်ထားသည်။

အကယ်၍ လူမျိုးတုန်း သတ်ဖြတ်မှုများပြုလုပ်ရန်လည်းကောင်း ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ပြစ်မှုများ ပြုလုပ်ရန်လည်းကောင်း၊ ၁၉၄၉ ခုနှစ် ဂျနီဗာ သဘောတူစာချုပ်အား ပြင်းပြင်းထန်ထန် ချိုးဖောက်သည့် ပုံစံဖြင့် လုပ်ဆောင်ရန် လည်းကောင်း ၊ အရပ်သား အဆောက်အအုံများ သို့မဟုတ် အရပ်သားများနှင့် အလားတူ ကာကွယ်ပေးခံထိုက်သော သူများအား ရည်ရွယ် တိုက်ခိုက်ရန် သို့မဟုတ် ဆိုင်ရာ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးထိုးထားသော နိုင်ငံတကာ သဘောတူစာချုပ်တစ်ရပ်ရပ်မှ သတ်မှတ်ထားသည့် အခြားစစ်ရာဇဝတ်မှုပုံစံများအား ကျူးလွန်ရန်လည်းကောင်း အစရှိသဖြင့် လက်နက်များအား အသုံးပြုမည်ဖြစ်ကြောင်း လက်နက် ရွှေ့ပြောင်းပို့ဆောင်မှုတစ်ရပ်ကို 'ခွင့်ပြုမည့်အချိန်တွင် အဆိုပါနိုင်ငံအစိုးရမှ သိရှိခဲ့ပါက' လုပ်ဆောင်ခွင့်မပြုရဟု စာချုပ်တွင် တားမြစ်ထားသည်။

### 4.2.2 နိုင်ငံတော်လုံခြုံမှု

လက်နက်များအား တာဝန်သိစွာ အသုံးပြုမည့် နောက်ဆုံးအသုံးပြုသူများ လက်ဝယ်တွင်သာ ရှိစေရန်နှင့် ရာဇဝတ်မှုကျူးလွန်နေသည့် အဖွဲ့အစည်းများထံသို့ လက်နက်ထောက်ပံ့ရောင်းချမှုများ နည်းသည်ထက် နည်းလာစေရန်တို့နှင့် စပ်လျဉ်းပြီး သဘောတူစာချုပ်အနေဖြင့် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသည်။

ဒေသတွင်း တရားမဝင်လက်နက်များရှိနေခြင်းသည် တိုင်းပြည်၏ လုံခြုံရေးကို ခြိမ်းခြောက်နေသလို နိုင်ငံတော် လက်နက်ကိုင် တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့ကဲ့သို့သော တရားဥပဒေအားလေးစားလိုက်နာစေရန် တာဝန်ယူရသည့် ဌာနများ အဖွဲ့အစည်းများ၏ ပြည်တွင်း/ဒေသတွင်း လုံခြုံမှုရှိအောင် ထိထိရောက်ရောက် ကာကွယ်နိုင်စွမ်းကိုလည်း အားနည်းစေသည်။

သဘောတူစာချုပ်အား လေးစားလိုက်နာခြင်းဖြင့် တည်ရှိဆဲ နိုင်ငံတော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း စနစ်များတွင် ရှိနေနိုင်သည့် လစ်ဟာမှုများကို သိရှိဖော်ထုတ်နိုင်မည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျင့်သုံးနေသော စနစ်များ၏ လစ်ဟာမှုများကို စနစ်တကျ ခွဲခြမ်းလေ့လာသုံးသပ်မှု ပြုလုပ်နိုင်ပြီး ယင်းလစ်ဟာမှုများကို ဖြေရှင်းရန်နှင့် ဆိုင်ရာတိုင်းပြည်၏ လက်နက်ထိန်းချုပ်ရေးစနစ်များအား ခိုင်ခံ့ပြီး ဘက်ပေါင်းစုံမှ ပြည့်စုံစေရန် လိုအပ်ပါက နည်းပညာနှင့် ဘဏ္ဍာရေးအထောက်အပံ့များကို ရှာဖွေရယူနိုင်မည်။

သမာရိုးကျ လက်နက်များသည် အဖွဲ့ဝင် နိုင်ငံ၏ ပိုင်ဆိုင်မှုအောက်တွင် ရှိသည့် အခြေအနေမျိုး ဖြစ်ပါက ထို နိုင်ငံမှ နိုင်ငံတကာ (နိုင်ငံရပ်ခြား)သို့ လက်နက်ရွှေ့ပြောင်းခြင်း သို့မဟုတ် ထို နိုင်ငံ အသုံးပြုရန် ကိုယ်စား ရွှေ့ပြောင်းပေးခြင်းတို့သည် ဤ စာချုပ်နှင့် မသက်ဆိုင်ကြောင်းကိုလည်း စာချုပ်တွင် အတိအလင်း ဖေါ်ပြထားသည်။

သို့ဖြစ်ပါ၍ တပ်ဖြန့်ထားသည့် အစိုးရတပ်ဖွဲ့များထံသို့ လက်နက်များ ရွှေ့ပြောင်းပို့ဆောင်မှုမျိုးသည် သဘောတူစာချုပ်မှ သတ်မှတ်ထားသည့် စောင့်ကြပ်ရန် လိုအပ်သော လက်နက်လွှဲပြောင်းပို့ဆောင်မှု ပုံစံမျိုးအဖြစ် မသတ်မှတ်ပါ။ ရွှေ့ပြောင်းပို့ဆောင်သည့် လက်နက်များမှာ ဆိုင်ရာ စစ်ဆင်ရေး ပြီးသည့်နောက်တွင် အခြားအဖွဲ့အစည်းများထံသို့ ထပ်ဆင့်လွှဲပြောင်းခြင်းမရှိ၊ ပစ်ထားရစ်ခဲ့ခြင်းမရှိဟု ယူဆသောကြောင့် ဖြစ်လာနိုင်သည့် ဆိုးကျိုးအလားအလာများအား သုံးသပ်ဆန်းစစ်မှု ပြုလုပ်ရန် မလိုအပ်ပါ။

### 4.2.3 **ဒေသလုံခြုံမှု**

ATT သဘောတူစာချုပ်သည် လက်နက်နှင့် ခဲယမ်းများ တရားမဝင် နယ်စပ်ကူးလူးပို့နှံ့စီးဆင်းမှုကို တားဆီးရန်အတွက်လည်း အထောက်အကူဖြစ်သည်။ အကျိုးဆက်အနေဖြင့် သမာရိုးကျ လက်နက်များကြောင့် ဒေသလုံခြုံရေးအား အားနည်းစေသည့် အကျိုးသက်ရောက်မှုကိုလည်း လျော့နည်းလာစေနိုင်သည်။

သဘောတူစာချုပ်သည် နိုင်ငံအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှု ၊ ပွင့်လင်းမြင်သာရှိမှု နှင့် တာဝန်သိမှုတို့ကို ပိုမိုဖြစ်ထွန်းလာစေမည့်အပြင် လက်နက်များ တရားမဝင် ပို့နှံ့စီးဆင်းမှု ၊ တရားမဝင်လက်နက်ကုန်သွယ်မှုတို့အား တားဆီးရန် သတ်မှတ်ထားသည့် ရှိဆဲ ဒေသဆိုင်ရာ မူဝါဒများကို ပိုမိုအားကောင်းလာစေမည့် အခြေခံမူဘောင်တစ်ရပ်ကိုလည်း ပြဌာန်းပေးနိုင်သည်။

## 4.3 **လူ့အခွင့်အရေးများ**

အပိုဒ်ခွဲ ၆ နှင့် ၇ တို့အား ထည့်သွင်းထားသည့်အတွက် စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်နက်လွှဲပြောင်းပို့ဆောင်မှုများ ပြုလုပ်ရာတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေများကို အဓိကထား ဦးစားပေးရန်လိုအပ်သည်။ အပိုဒ်ခွဲ ၇ အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သဘောတူစာချုပ်ပါ အပိုဒ်ခွဲ ၂ (၁) ၊ ၃ နှင့် ၄ တို့တွင် အကျုံးဝင်သော အောက်ထစ်အနေဖြင့် သမားရိုးကျ လက်နက်များ ၊ ခဲယမ်းများ ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများ လွှဲပြောင်းပို့ဆောင်မှုကိုမဆို ခွင့်ပြုချက်မပေးမီ ဆိုးကျိုးအလားအလာ သုံးသပ်အကဲဖြတ်မှုစံနှုန်းများအတိုင်း လိုက်နာလုပ်ဆောင်ရမည်ဖြစ်ပြီး လွှဲပြောင်းမည့် လက်နက်များအား နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ သို့မဟုတ် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အား ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်း သို့မဟုတ် ယင်းသို့ချိုးဖောက်ရာတွင် ကူညီရန်အသုံးပြုနိုင်ကြောင်း "စိုးရိမ်ရသော အလားအလာတစ်ရပ်"အား တွေ့ရှိရပါက အဆိုပြုထားသော လက်နက်တင်ပို့မှုအား ခွင့်မပြုရ။

ATT အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို ကျောထောက်နောက်ခံပြုပေးပြီး ဆိုးကျိုးအလားအလာ သုံးသပ်ရေးဖြစ်စဉ်တွင် ယင်းဥပဒေများအား ထည့်သွင်းစဉ်းစားခြင်းဖြင့် ပိုမိုအားကောင်းလာစေသည်။ သမားရိုးကျ လက်နက်ကုန်သွယ်မှုတွင် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို လေးစားရန်၊ ဖြစ်မြောက်အောင် အကောင်ထည်ဖော်ရန်နှင့် လိုက်နာလာကြစေရန်လည်း အထောက်အကူပြုသည်။

သဘောတူစာချုပ်ထဲတွင် ဆိုးကျိုးအလားအလာ သုံးသပ်အကဲဖြတ်မှုဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ရာတွင် လိင်(ကျား၊မ)အခြေပြု အကြမ်းဖက်မှု ပြဿနာများအား တိကျပြတ်သားစွာ မီးမောင်းထိုး ဖော်ပြထားခြင်းအားဖြင့် အမျိုးသမီးနှင့် ကလေးငယ်တို့ အပေါ် သက်ရောက်နိုင်သည့် လက်နက်ကိုင်ပဋိပက္ခများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ စသည်တို့၏ ဆိုးကျိုးများကို အလေးအနက်ထားသည်ဟု ဆိုနိုင်သည်။ (အပိုဒ်ခွဲ ၇(၄)အား ကြည့်ရန်)

## 4.4 **စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု**

ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှ ချမှတ်ပြဌာန်းထားသည့် နိုင်ငံများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDG) တို့ အကောင်အထည်ပေါ်လာရေးအတွက်လည်း ATT သဘောတူစာချုပ်အနေဖြင့် အရေးပါသည့် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေသည်။ SDG ရည်မှန်းချက် 16.4မှာ ကမ္ဘာတဝှမ်း တရားမဝင် ငွေကြေးစီးဆင်းမှုများနှင့် လက်နက်စီးဆင်းမှုများကို ၂၀၃၀ တွင် သိသိသာသာ လျော့ကျလာစေရန် ၊ SDG 5.2 မှာ ကမ္ဘာ တဝှမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အကြမ်းဖက်ခံရမှုအား သိသာစွာ လျော့နည်းလာစေရန် ၊ SDG 11 မှာ လုံခြုံအေးချမ်းသော ၊ လူတိုင်းအကျုံးဝင်သော ၊ ပြန်လည်ထူထောင်မှုပြုနိုင်သော၊ ရေရှည် ဖွံ့ဖြိုးတိုးတက်သော မြို့ပြများဖြစ်လာစေရန် အသီးသီးရည်ရွယ်သည်။ ATT သဘောစာချုပ် အောင်မြင်အောင် ဆောင်ရွက်ရေးသည် SDGs ရည်မှန်းချက်များ

အကောင်အထည်ပေါ်လာရေးအတွက် မည်သို့ အထောက်အကူဖြစ်စေသည် ဆိုသော အချက်မှာ ATT သဘောတူစာချုပ်ဆိုင်ရာ အလုပ်အဖွဲ့အသီးသီး၏ လုပ်ငန်းစဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်သည်။

ပွင့်လင်းမြင်သာမှုရှိရေး ၊ မှတ်တမ်းတင်ရေး ၊ ပြန်လည် အစီရင်ခံခြင်း၊ အချက်အလက်များ မျှဝေခြင်းနှင့် နိုင်ငံတကာ အထောက်အကူရယူရေး စသည့် စာချုပ်ပါ သတ်မှတ်ချက်များသည် SDG ရည်မှန်းချက်များအနက် 16.1 အား အောင်မြင်လာအောင် အထောက်အကူပြုသည်။ SDG ရည်မှန်းချက် 16.1 သည် အထူးသဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် အကြမ်းဖက်မှုနှင့် မှုခင်းများအား တားဆီးတိုက်ဖျက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဆိုင်ရာအစိုးရ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်သည်။

## 4.5 **ကုန်သွယ်မှုအား ထိန်းသိမ်းကြပ်မတ်မှုရှိခြင်းနှင့် ကုန်သွယ်မှု အဆင့်အတန်းများအား မြင့်မားလာစေခြင်း**

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ တည်ဆောက်ရန်နှင့် မည်သည့် လက်နက် ရွှေ့ပြောင်းမှုမဆို ဆိုးကျိုးအလားအလာ သုံးသပ်အကဲဖြတ်မှု သတ်မှတ်ချက်များနှင့် အညီဖြစ်စေရန် ATT သဘောတူစာချုပ်တွင် ရည်ရွယ်သည်။ နိုင်ငံတကာ လက်နက်ကုန်သွယ်ရေး စံနှုန်းစံထားများနှင့် သတ်မှတ်ချက်များအား လေးစား လိုက်နာစေရန် မူဘောင်များ သတ်မှတ်ထားသည့်အတွက် လက်နက်အရောင်းအဝယ်လုပ်ရာတွင် တန်းတူမျှတမှုရှိစေသည့် အနေအထားတစ်ရပ်အား ဖြစ်ထွန်းစေသည်။

ဤအချက်ကြောင့်ပင် လက်နက်ကုန်သွယ်မှု လုပ်နေကြသည့် အဖွဲ့ဝင်များအားလုံးမှ ATT သဘောတူစာချုပ်အား ထောက်ခံကြောင်း အဆိုပြုကြသည်။ တည်ရှိဆဲ လက်နက်တင်ပို့သော တိုင်းပြည် အများအပြား လိုက်နာနေကြသည့် သတ်မှတ်စံနှုန်းများကို အခြား အသစ်ပေါ်ထွန်းလာသည့် လက်နက် ထုတ်လုပ်သူနှင့် လက်နက်တင်ပို့ရောင်းချသူနိုင်ငံများမှလည်း လိုက်နာလာကြစေရန် ပြုလုပ်နိုင်မည့် အလားအလာကောင်းသော နည်းလမ်းတစ်ရပ်အဖြစ် ATT အား ရှုမြင်လာကြသည်။

မိမိတို့ အဖွဲ့အစည်း ပုံရိပ် မထိခိုက်စေရန် ဂရုပြုလာသည့် လက်နက်တင်ပို့ရောင်းချသော ကုမ္ပဏီများ ပိုပို၍ များလာပြီဖြစ်သကဲ့သို့ ၎င်းတို့အနေဖြင့် လက်နက်အရောင်းအဝယ်လုပ်ရာတွင် လူသား လုံခြုံမှုအား ဗဟိုပြုသည့် လမ်းစဉ်မျိုးကို လိုက်လာကြပြီဖြစ်ပြီး ATT သဘောတူစာချုပ်စာချုပ် အနေဖြင့် ယင်းအခြေအနေအား ပိုမိုအရှိန်ကောင်းလာစေရန် အခွင့်အလမ်း တစ်ရပ်အား ဖော်ဆောင်ပေးသည်။

## 4.6 **အခြား စာချုပ်များနှင့်လည်း အမှီသဟဲ ဖြစ်မှု**

လက်နက်ငယ်များနှင့် သယ်ဆောင်နိုင်သော လက်နက်များထိန်းချုပ်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လုပ်ငန်းအစီအစဉ် မူဘောင်ကဲ့သို့ အခြားသော ဒေသဆိုင်ရာနှင့် နိုင်ငံတကာ လက်နက်ထိန်းချုပ်ရေး ဥပဒေစာတမ်းများကိုလည်း ATT သဘောတူစာချုပ်မှ အထောက်အပံ့ပြုသည်။

# 5. **နိုင်ငံအသီးသီး ဤ သဘောတူစာချုပ်တွင် ပါဝင်ရန် အဟန့်အတားအဖြစ် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများမှာ မည်သည်တို့ ဖြစ်ကြသနည်း**

အောက်ပါစာရင်းမှာ သဘောတူစာချုပ်တွင် နိုင်ငံတိုင်း ပါဝင်လာရေးဆိုင်ရာ အလုပ်အဖွဲ့ (WGTU) ၏ ပူးတွဲ သဘာပတိ များမှ ထဲဝင်နှံ့စပ်စွာ ပြုစုသတ်မှတ်ထားသော အတားအဆီး စိန်ခေါ်မှုများ စာရင်းဖြစ်ပြီး CSP4 ပြင်ဆင်မှု အစည်းအဝေးဆိုင်ရာ လုပ်ငန်းအစီအစဉ် ကဏ္ဍတွင် နောက်ဆက်တွဲ အချပ်ပို အဖြစ် ထည့်သွင်းထားသည်။ (နောက်ဆက်တွဲ A, ATT/CSP4.WGTU/2018/CHAIR/249/M1.WorkPlan အား ကြည့်ရန်)။

၁. စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးလာကြသည့် အဆင့်ထိရောက်လာအောင် နိုင်ငံရေးအသိ ရေချိန် မြင့်မားလာစေရန်

၂. အစိုးရ အဖွဲ့များ သို့မဟုတ် လွှတ်တော် အဖွဲ့များ၏ ဦးစားပေးစာရင်းတွင် ATT သဘောတူစာချုပ်အား ထိပ်ဆုံး ဦးစားပေး အဖြစ် သတ်မှတ်ရန် လိုအပ်နေခြင်း

၃. ATT သဘောတူစာချုပ်အား ပိုမို သဘောပေါက် နားလည်လာကြစေရန်နှင့် စာချုပ်အပေါ်တွင် ထားရှိနေကြသည့် သံသယများအား ပြေလျော့လာစေရန် လိုအပ်နေခြင်း

- ၃.၁ သဘောတူစာချုပ်၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များအပေါ် နားလည်မှုလွဲမှားနေခြင်း
- ၃.၂ ဆိုင်ရာ ဝန်ကြီးဌာနများမှ ယုံကြည်မှု ကင်းမဲ့ခြင်း

၄. ပြည်ထဲရေးဆိုင်ရာ ပြဿနာ အခြေအနေများ ရှိနေခြင်း ( နိုင်ငံရေး ၊ လုံခြုံရေး အကြောင်းရပ်များ)

- ၄.၁ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာအကြောင်းရပ်များ
- ၄.၂ ပြည်သူများ လက်နက်ကိုင်ဆောင်ခွင့်ရရန် လော်ဘီလုပ်နေသည့် အဖွဲ့များ ရှိနေခြင်း
- ၄.၃ ပဋိပက္ခများ ရှိနေခြင်း စသည်များ

၅. ဒေသလုံခြုံရေး အခြေအနေများ

၆. စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရေးအတွက် နိုင်ငံတွင်း လုပ်ဆောင်ချက်များကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်နေခြင်း

၆.၁ တည်ရှိနေဆဲ ပြည်တွင်း စနစ်များ/ဥပဒေများအပေါ် သဘောတူစာချုပ်၏ အကျိုးသက်ရောက်မှုများအား အစိုးရများမှ ဆန်းစစ်သုံးသပ်ရန် အချိန်လိုအပ်ခြင်း

၆.၂ လိုအပ်သည့် ပြည်တွင်း ဥပဒေများ ချမှတ်ရေးအတွက်လည်း အချိန်လိုအပ်ခြင်း

၆.၃ အစိုးရဝန်ကြီးဌာနများ အချင်းချင်းကြား သို့မဟုတ် အစိုးရနှင့် လွှတ်တော်အဖွဲ့ကြားတွင် ပူးပေါင်းဆောင်ရွက်မှု ကောင်းစွာရှိရန် လိုအပ်ခြင်း

၆.၄ အစိုးရအာဏာပိုင်များအား အလုည့်ကျ တာဝန်ပေးခြင်းသည် အထောက်အကူ မဖြစ်ခြင်း

၇. စွမ်းဆောင်ရည် မြှင့်တင်ရန် လိုအပ်ခြင်း

၇.၁ (သဘောတူစာချုပ်အား အကောင်ထည်ဖော်ရန်) လူသားအရင်းအမြစ်(ဝန်ထမ်းများ)နှင့် ကျွမ်းကျင်နှံ့စပ်မှုများ လိုအပ်ခြင်း

၇.၂ (ငွေကြေးလိုအပ်ချက်များအား ဖြည့်ဆည်းရန်) ဘဏ္ဍာရေးအရင်းအမြစ်များ လိုအပ်ခြင်း

၈. အစီရင်ခံမှုဆိုင်ရာ ဝတ္တရားများ

၈.၁ လုပ်ငန်းပိုင်း ပွင့်လင်းမြင်သာမှုရှိရန် အစီရင်ခံရာတွင် ခြုံငုံအစီရင်ခံရန် လိုအပ်နေခြင်း။ အစီရင်ခံမှုသည် အသေးစိတ်လွန်းနေခြင်း

၈.၂ အစီရင်ခံရမည့် အချက်အလက်များသည် နိုင်ငံတော်လုံခြုံရေးကြောင့် မျှဝေရန် မလွယ်ကူခြင်း

၈.၃ အစီရင်ခံရသည့် အပေါ် ခြေကုန်လက်ပမ်းကျလာမှု

၉. အခြားနိုင်ငံများ (အိမ်နီးချင်းနိုင်ငံများ ၊ အဓိက လက်နက်တင်ပို့သည့် တိုင်းပြည်များ၊ အဓိကတင်သွင်းသည့် တိုင်းပြည်များအစရှိသဖြင့်) စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးလာကြရန် စောင့်ဆိုင်းနေကြခြင်း

၁၀. စာချုပ်ပါ စာသားများ အပါအဝင် ATT သဘောတူစာချုပ် ညှိနှိုင်းရေး ရလဒ်များအပေါ် ထားရှိသည့် အမြင်အမျိုးမျိုးအား ညှိနှိုင်းရန် လိုအပ်ခြင်း

၁၀.၁ မဲပေးဆုံးဖြတ်ခြင်းဖြင့် သဘောတူစာချုပ်အား ပါဝင်အသုံးပြုခြင်း

၁၀.၂ သဘောတူစာချုပ်တွင် ဆိုင်ရာ ဝတ္တရား သတ်မှတ်ချက်များ ရှိခြင်း ၊ မရှိခြင်း

## 6. **အမေးများသော မေးခွန်းများ**

### 6.1 **ဤ သဘောတူစာချုပ်အနေဖြင့် ကမ္ဘာ့လက်နက်ကုန်သွယ်ရေး ကဏ္ဍတွင် မည်သည့် အပြောင်းအလဲများကို ဖော်ဆောင်ပါသနည်း**

လက်နက်လွှဲပြောင်းပို့ဆောင်မှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းပြီး လူအများသိရှိစေရန် လူထုဆက်ဆံရေး ပြုလုပ်ရာတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ATT သဘောတူစာချုပ်အား ပိုမိုကိုးကားလာကြပြီဖြစ်သည်။ အလားတူပင် အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှလည်း အဖွဲ့ဝင်နိုင်ငံအစိုးရများ လက်နက်လွှဲပြောင်းပို့ဆောင်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် ATT သတ်မှတ်ချက်များနှင့် ညီမညီ ရှင်းလင်းတင်ပြရန် တောင်းဆိုလာကြပြီ ဖြစ်သည်။ လက်နက် လွှဲပြောင်းပို့ဆောင်မှုများမှာ တာဝန်ယူမှုရှိသော လွှဲပြောင်းခြင်း ဖြစ်မဖြစ် ဆုံးဖြတ်ရာတွင် ATT သဘောတူစာချုပ်သည် ဆွဲကိုင်ရမည့် အာဘော်တစ်ခုဖြစ်လာပြီး စံနှုန်းတစ်ရပ်ဟုလည်း ဆိုနိုင်သည်။ ATT ၏ လက်တွေ့အကျိုးအသက်ရောက်မှုများနှင့် စပ်လျဉ်းပြီး ပြည့်ပြည့်စုံစုံ သုံးသပ်ရန်မှာ စောနေသေးသော်လည်း စာချုပ်အဖွဲ့ဝင်နိုင်ငံအချို့မှာ ATT စာချုပ်၏ သတ်မှတ်စံချိန်စံညွှန်းများအား အခြေခံ၍ လက်နက်တင်ပို့မှုများကို ကန့်သတ်လာကြပြီး အခြားနိုင်ငံများအနေဖြင့် ထိုသို့လိုက်ပါဆောင်ရွက်ရန် နိုင်ငံရေးဖိအားများ ရှိနေကြကြောင်း ရှင်းလင်းသည့် အထောက်အထားများ ရှိသည်။

### 6.2 **ဤ သဘောတူစာချုပ်တွင် ပါဝင်ခြင်းမရှိသေးသည့် တိုင်းပြည်များတွင် မည်သို့ရှိသနည်း**

ATT သည် နှစ်အားဖြင့် သက်တမ်းနုသေးသည့် စာချုပ်ဖြစ်သော်လည်း စာချုပ် စတင်အသက်ဝင်ခဲ့သည့် အချိန်မှ စ၍ ၄ နှစ်တာအတွင်း ATT တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀ ကျော်ရှိလာပြီး လက်နက်များ ထိန်းချုပ် ကန့်သတ် တားဆီးရေး ဆိုင်ရာ စာချုပ်အသီးသီးရှိရာတွင် အဖွဲ့ဝင်နိုင်ငံအသစ်များ ပါဝင်လက်မှတ်ရေးထိုးလာသည့် မြန်နှုန်းအမြင့်ဆုံး (အလျှင်မြန်ဆုံး) ဖြစ်သော စာချုပ်များအနက် တစ်ခု ဖြစ်သည်။

သဘောတူစာချုပ်၏ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို ဖောက်ဖျက်မည့် လုပ်ဆောင်ချက်များ မရှိလာစေရန် တားဆီးကန့်သတ်ရေး စာချုပ်တွင် လက်မှတ်ရေးထိုးလာကြသည့် အဖွဲ့ဝင်နိုင်ငံများ ရှိလာပြီး စာချုပ်တွင် ပူးပေါင်းပါဝင်ရန် ရည်သန်လုပ်ဆောင်လာကြသည်။ (အပိုဒ်ခွဲ ၁၀ နှင့် ၁၈ ၊ နိုင်ငံတကာ စာချုပ် ဥပဒေများဆိုင်ရာ အထွေအထွေသဘောတူညီချက် ၁၉၆၉ ခုနှစ် )။

ATT သဘောတူစာချုပ်တွင် ပါဝင်ခြင်းမရှိသေးသည့် တိုင်းပြည်များအနေဖြင့်လည်း စာချုပ်အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့ကြပြီး စာချုပ်အား သဘောတူလက်မှတ်ထိုးရန် လမ်းကြောင်းပေါ်တွင် ရှိနေပြီ ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ စာချုပ် စတင်အသက်ဝင်ခဲ့သည့်အချိန်မှစ၍ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း ပြုမပြုမှာ ရွေးချယ်ခွင့်ရှိသည့် အရာမဟုတ်တော့ပေ။

သဘောတူစာချုပ်အနေဖြင့် အရှိန်အဟုန်ကောင်းလာသလို စာချုပ်အဖွဲ့ဝင် နိုင်ငံ အရေအတွက် လုံလုံလောက်လောက် ရှိလာပြီး စာချုပ်ပါ သတ်မှတ်ချက်များကို အကောင်အထည်ဖော်လာသည့် အခါမျိုးတွင် စာချုပ်တွင် မပါဝင်ထားသည့် နိုင်ငံများပင်လျှင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် တွန်းအား ဖြစ်လာနိုင်စေသည်။ အဘယ်ကြောင့်ဆိုသော် စာချုပ်အနေဖြင့် "တာဝန်ယူမှုရှိသည့်" လက်နက်ပို့ဆောင်လွှဲပြောင်းမှုများ ဖြစ်လာစေရန် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ တည်ဆောက်ပေးသည့် အတွက်ကြောင့်ပင် ဖြစ်သည်။

## 6.3 **သဘောတူစာချုပ်သည် မည်သည့် အတိုင်းအတာအထိ အကျုံးဝင်ပါသနည်း**

ATT သဘောတူစာချုပ်သည် သတ်မှတ်ထားသည့် အတန်းအစားဝင် လက်နက်များနှင့် လွှဲပြောင်းပို့ဆောင်သည့် ပုံစံ အချို့အား ထိန်းသိမ်းကြပ်မတ်ရန် ရည်ရွယ်သည်။

### 6.3.1 ATTသည် မည်သည့် လက်နက် အမျိုးအစားထိ အကျုံးဝင်ပါသနည်း

ATT သည် အောက်တွင် ဖော်ပြထားသော သမာရိုးကျ လက်နက်များနှင့် သက်ဆိုင်သည့် နိုင်ငံတကာ ကုန်သွယ်မှုကို ထိန်းချုပ်ကန့်သတ်ထားသည်။ (အပိုဒ်ခွဲ ၂ (၁)အား ကြည့်ရန်)

၁) တိုက်ပွဲသုံး တင့်ကားများ

၂) သံချပ်ကာ တိုက်ခိုက်ရေး ယာဉ်များ

၃) အရွယ်အစား ကြီးမားသော အမြောက်စနစ်များ

၄) တိုက်ခိုက်ရေး လေယာဉ်

၅) တိုက်ခိုက်ရေး ရဟတ်ယာဉ်များ

၆) စစ်သင်္ဘောများ

၇) ဒုံးကျည်များနှင့် ဒုံးပစ်လောင်ချာများ

၈) လက်နက်ငယ်များနှင့် အပေါ့စား လက်နက်များ

ATT သည် အထက်တွင် ဖော်ပြထားသော သမာရိုးကျ လက်နက်များဖြင့် ပစ်လွှတ်ပစ်ခတ်ခြင်း၊ ပစ်လွှတ်နိုင်သည့် လက်နက်ခဲယမ်းမီးကျောက်များ တင်ပို့ခြင်း၊ အထက်ပါ သမာရိုးကျ လက်နက်များကို တပ်ဆင်နိုင်သည့် ပုံစံများဖြင့် တင်ပို့သည့် အစိတ်အပိုင်းများနှင့် ဆက်စပ် ပစ္စည်းများ တင်ပို့မှုအထိ အကျုံးဝင်သည်။ (အပိုဒ်ခွဲ၃ ၊ အပိုဒ်ခွဲ၄ အား ကြည့်ရန်)

### 6.3.2 ATT**သည် မည်သည့် လွှဲပြောင်းပို့ဆောင်မှု အမျိုးအစားထိ အကျုံးဝင်ပါသနည်း**

အောက်ပါ လုပ်ဆောင်ချက်အမျိုးအစားတို့ကို ATT မှ သတ်မှတ်ထိန်းချုပ်ထားသည်။ (အပိုဒ်ခွဲ ၂(၂) အား ကြည့်ရန်)

- တင်ပို့ခြင်း
- တင်သွင်းခြင်း
- ပို့ဆောင်ခြင်းနှင့် သင်္ဘောကူးပြောင်းသယ်ယူခြင်း
- ကြားခံပွဲစားအနေဖြင့် ဆောင်ရွက်ခြင်း

သမာရိုးကျ လက်နက်များသည် အဖွဲ့ဝင် နိုင်ငံ၏ ပိုင်ဆိုင်မှုအောက်တွင် ရှိသည့် အခြေအနေမျိုး ဖြစ်ပါက ထို နိုင်ငံမှ နိုင်ငံတကာ (နိုင်ငံရပ်ခြား)သို့ လက်နက်ရွှေ့ပြောင်းခြင်း သို့မဟုတ် ၄င်း နိုင်ငံ အသုံးပြုရန် ကိုယ်စား ရွှေ့ပြောင်းပေးခြင်းတို့သည် ဤ စာချုပ်နှင့် မသက်ဆိုင်ကြောင်းကိုလည်း စာချုပ်တွင် အတိအလင်း ဖော်ပြထားသည်။ (အပိုဒ်ခွဲ ၂ (၃)အား ကြည့်ရန်)

ထို့အပြင် ATT သည် '၄င်းတို့၏ ကိုယ်ပိုင် ကာကွယ်ရေးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ဆောင်ရန် အတွက် သမာရိုးကျ လက်နက်များ ရရှိပိုင်ခွင့်"ကို တရားဝင် အသိအမှတ်ပြုသည်။(ATT မူ၊ စာပိုဒ်၇အား ကြည့်ရန်)

## 6.4 စာချုပ်တွင် ပါဝင်သည့် အဖွဲ့ဝင် တိုင်းပြည်များမှ ၎င်းတို့ပြုထားသည့် စာချုပ်ဆိုင်ရာ ကတိကဝတ်များအား လေးစားလိုက်နာမှု ရှိစေရန် မည်သို့ လုပ်ဆောင်ရမည်နည်း

ATT စာချုပ်ပါ အစီရင်ခံမှုဆိုင်ရာ သတ်မှတ်ချက်များသည် အဖွဲ့ဝင်နိုင်ငံများ၏ စာချုပ်အရ ပြုထားသည့် ကတိကဝတ်များ အကောင်ထည်ဖော်မှုကို စောင့်ကြည့် ခြေရာခံရာတွင် အထောက်အကူပြုသည်။ အဖွဲ့ဝင် နိုင်ငံတိုင်းအနေဖြင့် စာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည့် ပထမတစ်နှစ်တာအတွင်း မိမိတို့၏ စာချုပ်ပါ သတ်မှတ်ချက်များ အကောင်ထည်ဖော်ကြိုးပမ်းမှုနှင့် စပ်လျဉ်းသည့် ကနဦး အစီရင်ခံစာအား တင်သွင်းရမည်ဖြစ်ပြီး ပုံစံအသစ်ဖြင့် လုပ်ရသည့်အခါမျိုးတွင်လည်း *လိုအပ်သလို* ကနဦးအစီရင်ခံစာအား အသစ် ပြင်ဆင် ပြောင်းလဲနေရမည် ဖြစ်သည်။

ထို့အပြင် အဖွဲ့ဝင်နိုင်ငံ၏ စာချုပ်ကတိကဝတ်များအတိုင်း ဆောင်ရွက်မှုအပေါ် ATT အတွင်းဝန်ရုံးမှ မှတ်တမ်းတင်ထားမည်ဖြစ်သည်။ ငွေကြေးထည့်ဝင်မှုများ ပြုလုပ်ခြင်း ၊ နိုင်ငံတော်အစိုးရမှထိန်းချုပ်ရမည့် ပစ္စည်းများ စာရင်း နှင့် စပ်လျဉ်းသည့် အချက်အလက်များ တင်သွင်းခြင်း (အပိုဒ်ခွဲ ၅) ၊ အစိုးရ အာဏာပိုင်များ ၏ လုပ်ဆောင်ချက်များ (အပိုဒ်ခွဲ ၅) ၊ နိုင်ငံတော်အစိုးရ၏ ဆက်ဆံရေးဌာနများ (Point of Contact) (အပိုဒ်ခွဲ ၅) ၊ ကနဦးနှင့် နှစ်ချုပ် အစီရင်ခံစာများ တင်သွင်းခြင်း (အပိုဒ်ခွဲ ၁၃) စသည်တို့အပါအဝင်ဖြစ်သည်။ ဤအချင်းအရာများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ATT ဝက်ဘ်ဆိုဒ်တွင် ကြည့်ရှုနိုင်သည်။ သို့သော် အချက်အလက်အချို့မှာ စာချုပ်အဖွဲ့ဝင်နိုင်ငံအစိုးရများသာလျှင် ကြည့်ရှုခွင့်ရှိသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံများ စာချုပ်အပေါ်ထားရှိသည့် ကတိကဝတ်များကို အကောင်ထည်ဖော်ခြင်းရှိမရှိ စောင့်ကြည့်သည့်ဖြစ်စဉ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများမှလည်း ကဏ္ဍတစ်ရပ်မှ ပါဝင်နေပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ လက်နက်လွှဲပြောင်းပို့ဆောင်မှုဆိုင်ရာ ဆုံးဖြတ်ချက်များသည် ATT သတ်မှတ်ချက်များနှင့် အညီဖြစ်မဖြစ် သတင်းမီဒီယာများမှ ပိုမိုမေးခွန်းထုတ်လာကြပါသည်။ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်ရန်နှင့် စာချုပ်အပေါ်လေးစားလိုက်နာမှု ပိုရှိလာအောင် တိုက်တွန်းရန် ဆောင်ရွက်ပေးမည့် သမားရိုးကျ သုံးသပ်ဝေဖန်ရေး ယန္တရားမျိုး ( သုတေသီအချင်းချင်း သုံးသပ်မှု - Peer Review ၊ ပညာရှင်များ သုံးသပ်မှု- Expert Review၊ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Oversight body) အစရှိသဖြင့်) ATT တွင် မပါရှိပါ။

## 6.5 သဘောတူစာချုပ်သည် တိုင်းပြည်များ လက်နက်တင်သွင်းမှု မပြုနိုင်အောင် အဟန့်အတားပြုပါသလား

လက်နက်ပစ္စည်းများ လွှဲပြောင်းပို့ဆောင်မှုသည် သတ်မှတ်ထားသော နိုင်ငံတကာ ဝတ္တရားများအား ချိုးဖောက်ရာ ကျသည်ဆိုပါက သို့မဟုတ် လွှဲပြောင်းမည့်လက်နက်များအား လူမျိုးတုံးသတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်စုအပေါ် ဖောက်ဖျက်ကျူးလွန်သော ပြစ်မှုများ၊ သို့မဟုတ် စစ်ရာဇဝတ်မှုများ အစရှိသဖြင့် ကျူးလွန်ရန် အသုံးပြုနိုင်ကြောင်း ဆိုင်ရာ လက်နက်လွှဲပြောင်းပို့ဆောင်မည့် အဖွဲ့ဝင်နိုင်ငံအစိုးရမှ သိရှိထားသော် သမားရိုးကျ လက်နက်များ၊ ခဲယမ်းကျည်ဆန်များ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများ လွှဲပြောင်းပို့ဆောင်မှုကို ( တင်သွင်းမှု အပါအဝင်) မပြုရန် ATT စာချုပ် အပိုဒ် ၆ အရ တားမြစ်ထားသည်။ သို့ဖြစ်၍ သဘောတူစာချုပ် အနေဖြင့် သတ်မှတ်ဖော်ပြပါ အခြေအနေမျိုးတွင် အဖွဲ့ဝင်နိုင်ငံများ လက်နက်တင်သွင်းမှု သို့မဟုတ် *တင်ပို့မှုများ* မလုပ်နိုင်အောင် ဟန့်ထားထားသည်။

သမာရိုးကျလက်နက်များ၊ ခဲယမ်းများ၊ အစိတ်အပိုင်းနှင့် ဆက်စပ် ပစ္စည်းများလွှဲပြောင်းရန် အဆိုပြုမှုသည် အပိုဒ်ခွဲ ၆ အရ တားမြစ်ထားသည့် လွှဲပြောင်းမှုမျိုး မဟုတ်ဘဲ လွှဲပြောင်းတင်ပို့မည့် နိုင်ငံမှာ ATT စာချုပ်အဖွဲ့ဝင် နိုင်ငံဖြစ်နေပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာ ဥပဒေများ သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအား ချိုးဖောက်ရန် သို့မဟုတ် ထိုသို့ ပြင်းထန်စွာ ချိုးဖောက်မှုအား ပံ့ပိုးကူညီရန် လက်နက် ၊ ပစ္စည်းများအား အသုံးပြုနိုင်သည့် အလားအလာရှိမရှိ (တင်ပို့သည့်နိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အကြမ်းဖက်မှု ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်များ ၊ ပရိုတိုကောများတွင် သတ်မှတ်ထားသည့် ချိုးဖောက်မှုမြောက်သော လုပ်ဆောင်ချက်ဖြစ်စေ ၊ အဖွဲ့အစည်းကျောထောက်နောက်ခံဖြင့် နိုင်ငံကူးလူး ပြစ်မှုကျူးလွန်နေမှုများနှင့် သက်ဆိုင်သည့် နိုင်ငံတကာ သဘောတူစာချုပ်များ ၊ ပရိုတိုကောများတွင် သတ်မှတ်ထားသည့် ချိုးဖောက်မှုမြောက်သော လုပ်ဆောင်ချက်ဖြစ်စေ စသည့်အလားအလာများ ရှိမရှိ) နှင့်စပ်လျဉ်းပြီး အပိုဒ်ခွဲ ၇ အရ လွှဲပြောင်းတင်ပို့မည့် နိုင်ငံမှ သုံးသပ်ဆန်းစစ်မှု ထပ်မံ ပြုလုပ်ရမည်။ တင်ပို့သည့် နိုင်ငံမှ အပိုဒ်ခွဲ ၇(၁) ပါ ဆိုးကျိုးများ ဖြစ်စေနိုင်သည့် အလားအလာရှိသည်ဟု ဆုံးဖြတ်ယူဆပါက တင်သွင်းမည့် နိုင်ငံမှ ရရှိရန်ကြိုးပမ်းနေသည့် မည်သည့်လက်နက်၊ ပစ္စည်းများကိုမှ တင်သွင်းမှုမပြုနိုင်အောင် တင်ပို့သည့်နိုင်ငံအနေဖြင့် တင်ပို့မှုအား ခွင့်မပြုရပါ။ လက်နက်ပစ္စည်းများ တင်သွင်းမည့် တိုင်းပြည်မှာ ATT စာချုပ်အဖွဲ့ဝင်နိုင်ငံ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ထူးခြားမှု တစ်စုံတစ်ရာမရှိပါ (အရေးမကြီးပါ)။ တင်သွင်းမည့် တိုင်းပြည် သို့မဟုတ် နောက်ဆုံးတွင် အသုံးပြုမည့်သူများမှာ မည်သူများဖြစ်စေ အရေးမကြီးပါ။ အရေးကြီးသည်မှာ တင်ပို့မှုဆိုင်ရာ သုံးသပ်ဆန်းစစ်မှုပြုလုပ်ရာမှ ဆိုးကျိုးအလားအလာရှိနိုင်သည်ဟု သုံးသပ်ရပါက ATT တွင် စာချုပ် အဖွဲ့ဝင် ဖြစ်သော တင်ပို့သည့်တိုင်းပြည်အနေဖြင့် *တင်ပို့မှုမလုပ်ဘဲ ငြင်းဆန်ရန် လိုအပ်သည်။*

အချုပ်အားဖြင့် တင်သွင်းသည့် တိုင်းပြည် သို့မဟုတ် နောက်ဆုံးတွင်အသုံးပြုမည့်သူများမှ သတ်မှတ်ဖော်ပြပါ နည်းလမ်းတစ်မျိုးမျိုးဖြင့် လက်နက်များအား အသုံးပြုမည် သို့မဟုတ် အသုံးပြုနိုင်သည်ဟု ဆုံးဖြတ်ပါက ATT စာချုပ်အနေဖြင့် သမာရိုးကျ လက်နက်များ တင်သွင်းသည့် တိုင်းပြည်၏ တင်သွင်းနိုင်စွမ်းအပေါ် သက်ရောက်မှု ရှိကြောင်း ရှိနိုင်သော်လည်း (အထိန်းအကွပ် ဖြစ်ကောင်းဖြစ်စေနိုင်သော်လည်း) *တင်သွင်းသည့်* နိုင်ငံ စာချုပ်အဖွဲ့ဝင်ဖြစ်မဖြစ်ထက် ပိုအမိကျသည်မှာ တင်ပို့ရောင်းချသည့် တိုင်းပြည်များမှ ATT စာချုပ် အဖွဲ့ဝင် ဖြစ်မဖြစ်ဟူသည့် အချက်ဖြစ်ပြီး ၎င်း နိုင်ငံများအနေဖြင့် အပိုဒ်ခွဲ ၆ နှင့် ၇ ပါ သတ်မှတ်ချက်များအတိုင်း လုပ်ဆောင်ရန် လိုအပ်သည်။

## 6.6 **ဤသဘောတူစာချုပ်အား အကောင်အထည်ဖော်ရာတွင် အရပ်ဘက် အဖွဲ့အစည်းများ အနေဖြင့် မည်သည့် အခန်းကဏ္ဍမျိုးတွင် ပါဝင်နေသနည်း**

အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် ATT စာချုပ်တွင် နိုင်ငံတိုင်း ပါဝင်လိုက်နာကျင့်သုံးရေးနှင့် စာချုပ်အား အကောင်အထည်ဖော်ရေး ဖြစ်စဉ်တို့၌ တက်ကြွစွာ ပါဝင်နေကြသည်။ နိုင်ငံတိုင်း ပါဝင်လိုက်နာကျင့်သုံးရေးအား အထောက်အကူပြုသည့်အနေဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းများသည် မိမိတို့ သတ်မှတ် ရည်ရွယ်ရာကို စည်းရုံးလှုံ့ဆော်ခြင်း ၊ အချက်အလက်များ မျှဝေခြင်းနှင့် သဘောတူစာချုပ်အား နိုင်ငံရေးအရ ဆောင်ရွက်ရမည့် ဦးစားပေး အရာတစ်ခုအဖြစ် ဆက်လက်ထိန်းသိမ်းလုပ်ဆောင်ရန် လူထုမှ ဝိုင်းဝန်းဖိအားပေးလာရေး စသည့် ဦးတည်ချက်များဖြင့် ဆိုင်ရာ လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာအရသာမက ဒေသအတိုင်းအတာများဖြင့်ပါ အရှိန်အဟုန်ကောင်းကောင်းနှင့် ဆက်လက် ဆောင်ရွက်နေကြသည်။ အရပ်ဘက် အဖွဲ့အစည်း လုပ်ငန်းစဉ်များတွင် အောက်ပါတို့ ပါဝင်သည်။

- သဘောတူစာချုပ်တွင် လက်မှတ်ထိုးသဘောတူရန် ၊ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ကြိုးပမ်းနေကြသည့် အစိုးရများထံသို့ နည်းစနစ်ပိုင်းဆိုင်ရာ အကြံဉာဏ်များ ပံ့ပိုးဖြည့်ဆည်းပေးရန် (စာချုပ်နှင့် သက်ဆိုင်သည့် ရင်းမြစ် စာတမ်းများ (resource material) ၊ လမ်းညွှန်များ ၊ အထောက်အကူပြု စာတမ်း (Toolkits) များ ၊ စာချုပ်တွင် လက်မှတ်ရေးထိုးလာစေကြစေရန် စည်းရုံးလှုံ့ဆော်မှုအား အထောက်အကူပြုရန် ရည်ရွယ်သည့် စည်းရုံးလှုံ့ဆော်ရေး စာတမ်းစာစောင်များ စသည်တို့ အပါအဝင်ဖြစ်သည်)
- အကြမ်းဖက်မှု အသွင်သို့ ကူးပြောင်းလာခြင်းအား လျှော့ချရေး ကဏ္ဍနှင့် အခြား ဥပဒေစာချုပ်စာတမ်းများ(instruments)နှင့်ချိတ်ဆက်နေမှုကဏ္ဍ အစရှိသည့် ဆိုင်ရာ လက်နက်ထိန်းချုပ်ရေးကဏ္ဍများတွင်လည်း မူဝါဒများချမှတ်ရန် လိုအပ်သော ရင်းမြစ်များ ရှိလာရန်
- သဘောတူစာချုပ်အား ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်သည့် နည်းစနစ် အကူအညီများနှင့် ပံ့ပိုးမှုများ ရရှိရေးအပေါ် အာရုံစိုက်သည့် ဆိုင်ရာ အစိုးရ အာဏာပိုင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အန်ဂျီအိုများအတွက် ဒေသတွင်း ဆွေးနွေးပွဲများ ၊ အစည်းအဝေးများ ကူညီကျင်းပပေးရန်
- သဘောတူစာချုပ်၏ ဥပဒေပြုရေးဖြစ်စဉ်နှင့် အကောင်ထည်ဖော်ရေးဖြစ်စဉ်တို့အား အထောက်အကူ ပေးနေသည့် သုတေသီများ ၊ တက္ကသိုလ်နယ်ပယ်မှ ပညာရှင်များ စုစည်းချိတ်ဆက်ထားသည့် ပညာရှင်ကွန်ယက်အား တည်ဆောက်ပေးရန်
- စာချုပ်အား သဘောတူလက်ခံပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် မိမိတို့ နိုင်ငံတော်အစိုးရများအား တောင်းဆိုရာတွင် ပိုမိုတက်ကြွစွာ ပါဝင်လာအောင် လူထုအား အားပေးတိုက်တွန်းခြင်းဖြင့် လူထုအသိပညာပေး လှုပ်ရှားမှုများ ကူညီဆောင်ရွက်ပေးရန်
- သဘောတူစာချုပ်ပါ ကတိဝတ္တရားများအတိုင်း အဖွဲ့ဝင်နိုင်ငံများ အကောင်အထည်ဖော်ဆောင်ရွက်မှု ၊ လိုက်နာမှုအခြေအနေတို့အား စောင့်ကြည့်ပေးရန် စသည်တို့ဖြစ်ကြသည်။

***